မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910 E-mail : blcsan@ksc.th.com;   Website : www. blc-burma.org

# ညှဉ်းပန်းနှိပ်စက်မှုများကျူးလွန်၍ ဖြောင့်ချက်ရယူခြင်းသည် ပြစ်မှုကျူးလွန်ခြင်း ဖြစ်ကြောင်း ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

၁။ အမေရိကန်နိုင်ငံသားအဖြစ်ခံယူထားသူ၊ ဦးကျော်ဇောလွင် (ခ) ဦးညီညီအောင်ကို ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၃) ရက်နေ့တွင် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဖမ်းဆီးပြီးနောက်ပိုင်း၊ စစ်ကြောရေးတွင် တာဝန်ရှိသူများမှ၊ အိပ်စက်အနားယူခွင့်မပေးခြင်း၊ (၇) ရက်တိုင်တိုင်အစာမကျွေးခြင်း၊ ကန်ကျောက်နှိပ်စက်ခြင်း၊ စသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများပြုလုပ်ခဲ့ကြောင်းသိရှိရသည်[1]။

၂။ ၂၀၀၉ ခုနှစ် စက်တင်ဘာလ (၁၆) ရက်နေ့တွင် မန္တလေးတိုင်း မြင်းခြံမြို့၌ နေထိုင်ကြသော၊ ဦးနန္ဒဝံသ၊ ဒေါက်တာဝင့်သူ၊ ကိုမျိုးဟန်၊ ကိုကြည်စိုး၊ စိုးရာဇာဖြိုး၊ လှမျိုးကျော်၊ ကိုကိုနိုင်၊ သန်းထိုက်အောင်၊ ဝေဖြိုး စသူတို့အားလည်းကောင်း၊ ညောင်ဦးမြို့၌ နေထိုင်ကြသော မျိုးမင်းသန်း၊ ကျော်ထွန်းလင်း၊ ရဲခေါင်၊ ချိုချိုသန်း၊ ဦးဇောတိက၊ လင်းအောင်သက် စသူတို့အားလည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံဝန်ထမ်းများက ဖမ်းဆီးခဲ့ကြောင်း သိရှိရသည်။

၃။ ဖမ်းဆီးပြီးနောက်ပိုင်းတွင် အိပ်စက်အနားယူခွင့်မပေးဘဲ လေးရက်ဆက်တိုက် မတ်တပ်ရပ်ခိုင်း၍ စစ်ဆေးမေးမြန်းခြင်း၊ ချွန်ထက်သည့် ကျောက်စရစ်ခဲများပေါ်တွင် ဒူးထောက်ထိုင်စေပြီး အပေါ်မှ လူတက်ဖိ၍ စစ်ဆေးမေးမြန်းခြင်း၊ မျဉ်းလုံးဖြင့်ရိုက်နှက်ခြင်း၊ ရေနှင့် အစားအသောက်ကျွေးမွေးမှု မရှိခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားသည့်အခန်းတွင်းသို့ ရဲများ ဝင်ရောက်သေးပေါက်ခြင်း၊ ခြေဖျားထောက်ခိုင်း၍ ခြေဖနောင့်အောက်၌ ချွန်ထက်သည့်အရာ ထားရှိ၍ စစ်ဆေးမေးမြန်းခြင်း စသည်တို့အပြင် အခြားလူမဆန်သည့် နည်းလမ်းပေါင်းစုံဖြင့် စစ်ဆေးမေးမြန်း ဖြောင့်ချက်ရယူခဲ့ကြောင်းသိရှိရသည်[2]။

၄။ မွန်ပြည်နယ် ချောင်းဆုံမြို့နယ်မှ အရှင်အဇ္ဇ (ခ) ဦးပဍ္ဍင်း ဇော်လတ်ကိုလည်း ကွန်ပျူတာနှင့် ကင်မရာ တလုံးကိုင်ဆောင်သုံးစွဲသည်ဟူသော အကြောင်းပြချက်ဖြင့် သံဖြူဇရပ်မြို့နယ် ရဲတပ်ဖွဲ့မှဖမ်းဆီး၍ လူမဆန်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့သည့်အတွက် မော်လမြိုင်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံနေရကြောင်းသိရှိရသည်[3]။

၅။ ထိုသို့ ညှဉ်းပန်းနှိပ်စက်ကြသူများမှာ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုရဲအုပ် နှင့် ဒုရဲအုပ်အထက်အဆင့်ရှိ ရဲအရာရှိများကိုယ်တိုင် ဖြစ်ကြောင်းသိရှိရသည်။

ဥပဒေရေးရာသုံးသပ်ထုတ်ပြန်ချက်

---

[1] အေးလှဲ့၊ ရောဝတီ၊ စက်တင်ဘာလ ၈ ရက် ၂၀၀၉ ခုနှစ်
[2] RFA 7-1-2010
[3] ကွန်းအိမ်၊ ၁၀၊ ၁၊ ၂၀၁၀

၁။ ဖမ်းဆီးခံရသူ တစ်စုံတစ်ယောက်အား မည်သည့်အကြောင်းပြချက်နှင့်မျှ နှိပ်စက်ခွင့်မရှိချေ။ ဖမ်းဆီးပြီး နောက်ပိုင်း စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်သည်ဆိုခြင်းမှာ ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ – ၃၃၀ ပြဋ္ဌာန်းချက်တွင်

"ခြောက်လှန့်၍ ဖြောင့်ချက်ရယူရန်ဖြစ်စေ၊ ပစ္စည်းကိုပြန်ပေးအောင် အတင်းအဓမ္မ ပြုလုပ်ရန် ဖြစ်စေ၊ မိမိအလိုအလျောက် နာကျင်စေမှုကိုပြုသူ မည်သူကိုမဆို (၇) နှစ် ထောင်ဒဏ်တမျိုးမျိုးချမှတ်ရမည့် အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဟုလည်းကောင်း၊

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ–၃၃၁ ပြဋ္ဌာန်းချက်တွင်

" ခြောက်လှန့်၍ ဖြောင့်ချက်ရယူရန်ဖြစ်စေ၊ ပစ္စည်းကိုပြန်ပေးအောင် အတင်းအဓမ္မပြုရန်ဖြစ် စေ၊ မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေမှုကို ပြုသူ မည်သူကိုမဆို (၁၀) နှစ်ထိ ထောင်ဒဏ်တမျိုးမျိုး ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်" ဟုလည်းကောင်း အတိအလင်းပြဋ္ဌာန်းထားပါသည်။

၂။ ၁၉၄၅ခုနှစ်၊ ရဲအက်ဥပဒေ ပုဒ်မ – ၁၆ အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမှုထမ်းများသည်၊ ပြစ်မှုကျင့်ထုံးဥပဒေ၊ ရဲအက်ဥပဒေနှင့် အထူးဥပဒေများအရ၊ ရဲတပ်ဖွဲ့အမှုထမ်းအဖြစ်ဖြင့် တိကျစွာထုတ်ဖော်အပ်နှင်းသည့် အခွင့်အာဏာများကိုသာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ မြန်မာနိုင်ငံ၌ ပြဋ္ဌာန်းထားသော မည်သည့်ဥပဒေကမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကို ဖမ်းဆီးပြီးနောက်ပိုင်း ညှဉ်းပန်းနှိပ်စက်၍ ဖြောင့်ချက်ရယူခွင့်ရှိသည်ဟူ၍ အာဏာအပ်နှင်းထားခြင်း မရှိပါ။

၃။ ထို့ပြင် နအဖ ဥက္ကဋ္ဌနှင့်တကွ မည်သည့်အစိုးရအဖွဲ့ဝင် တဦးတယောက်ကမှ ဖမ်းဆီးခံရသူများကို ညှဉ်းပန်းနှိပ်စက်စေရန် အမိန့်ပေးပိုင်ခွင့်ရှိကြောင်းကိုလည်း မြန်မာနိုင်ငံရှိ မည်သည့်ဥပဒေကမှ အာဏာအပ်နှင်းထားခြင်း မရှိပါ။

၄။ အထက်ဖော်ပြပါ ဖမ်းဆီးခံရသူများကို ညှဉ်းပန်းနှိပ်စက်သည်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များဖြစ်သောကြောင့် မြန်မာနိုင်ငံရဲချုပ်နှင့်တကွ ပြည်ထဲရေးဝန်ကြီးတွင် လုံးဝ တာဝန်ကျရောက်လျက်ရှိပါသဖြင့် အမှုမှန်ပေါ်ပေါက်ရေးနှင့် တာဝန်ရှိသူများအား ထိရောက်စွာအပြစ်ပေးနိုင်ရေးတို့အတွက် စုံစမ်းစစ်ဆေးသင့်ပါသည်။

၅။ မြန်မာနိုင်ငံရှေ့နေများကောင်စီအနေဖြင့် အထက်ဖော်ပြပါ ညှဉ်းပန်းနှိပ်စက်မှုများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ကျူးလွန်သည့် လူမဆန်သည့် ညှဉ်းပန်းနှိပ်စက်မှုများ၊ ဆိုးဝါးပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်သည့်အတွက်၊ ကြီးလေးသောပြစ်မှုအဖြစ် မှတ်တမ်းထားရှိပါကြောင်းကို ဥပဒေရေးရာသုံးသပ်ချက် ထုတ်ပြန်အပ်ပါသည်။

၁.၂.၂၀၁၀

အသေးစိတ်သိရှိလိုပါလျှင်– ဥပဒေရေးရာသုံးသပ်ရေးဌာန

ဦးမျိုး မြန်မာနိုင်ငံရှေ့နေများကောင်စီ

တာဝန်ခံ၊ ဥပဒေရေးရာသုံးသပ်ရေးဌာန
ဖုန်း–၀၈၆၂၁၆၀၁၀၈